# ဆုံးဖြတ်ချက်

Ursula Nafula
Vusi Malindi
Naw Thazin Hpway
2
မြန်မာဘာသာ my

ကျွန်တော့်ရွာမှာ ပြဿနာတွေအများကြီးရှိပါတယ်။
ရေပုတ်ပါမှာ ရေရဖို့ အရှည်ကြီးတန်းစီရပါတယ်။

အခြးသူတွေ အစားအသောက်လာလှူတာကို စောင့်ရပါတယ်။

အိမ်ကိုလည်း သူခိုးကပ်မှာစိုးလို့ သော့ခတ်ထားရပါတယ်။

ကလေးတွေတော်တော်များများကလည်း ကျောင်း
ထွက်လိုက်ရပါတယ်။

မိန်းကလေးငယ်ငယ်လေးတွေဟာ အခြးရွာမှာ အိမ်အကူအနေနဲ့ အလုပ်လုပ်ရပါတယ်။

တစ်ချို့ယောက်ျားတွေကော အခြေးသူတွေရဲ့ လယ်မှာအလုပ်လုပ်နေတဲ့အချိန်မှာ ငယ်ရွယ်တဲ့ ကောင်လေးတွေဟာ ရွာထဲမှာ လှည့်လည်လမ်းလျှောက်နေကြပြါတယ်။

လေတိုက်တဲ့အခါမှာ စက္ကူအစုတ်တွေဟာ သစ်ပင်နဲ့ ခြံစည်းရိုးတွေမှာ လာချိတ်နေကြပါတယ်။

စည်းကမ်းမဲ့ပစ်ထားတဲ့ ဖန်ကွဲစတွေကြောင့် လူတွေ
တွေများများ အရှခံရပါတယ်။

အဲ့ဒါနဲ့တစ်နေ့တော့ ရေပုတ်ပါမှာ ရေတွခေမ်းသွားတဲ့ အတွက် ကွန်တော်တို့ရဲ့ ရေပုံးတွမှော ရေမဲ့သွားပါတယ်။

ကျွန်တော်ရဲ့အဖေဟာ တစ်အိမ်ဝင်တစ်အိမ်ထွက် ရွာ
အစည်းအဝေးကိုလာဖို့ ပြောပါတယ်။

လူတွေဟာ သစ်ပင်ကြီးအောက်မှာစုပြီးနားထောင်ကြပါတယ်။

ကျွန်တော်အဖေကထပြီး “ကျွန်တော်တို့ရဲ့ ပြဿနာတွေကို ကျွန်တော်တို့ အတူတကွ ဖြေရှင်းကြဖို့လိုတယ်” လို့ပြောတယ်။

သစ်ကိုင်းပေါ်မှာထိုင်နေတဲ့ ၈နှစ်အရွယ် ဂျူမားက “သန့်ရှင်းရေးနဲ့ ကျွန်တော်ကူညီနိုင်တယ်” လို့အော်ပြောပါတယ်။

အမျိုးသမီးတစ်ဦးက “အစားသောက်တွေစိုက်ပျိုးဖို့ ကျွန်မနဲ့ လာဆက်သွယ်နိုင်ပါတယ်။” လို့ ပြောပါတယ်။

အခြားသော ယောကျာ်းတစ်ဦးက မတ်တပ်ရပ်ပြီး“အမျိုးသားတွကေ ရေတွင်းတူးပါမယ်လို့” ပြောလိုက်ပါတယ်။

ကျွန်တော်တို့အားလုံးက “ကျွန်ုပ်တို့ဘဝကို ကျွန်ုပ်တို့ ပြောင်းလဲရမယ်” လို့ သံပိုင်ပြည့် အော်လိုက်ပါတယ်။ အဲဒီနေ့ကစပြီး ကျွန်တော်တို့ရဲ့ ပြဿနာကို ဖြေရှင်းဖို့အတွက် အတူတကွ အလုပ်လုပ်ကြပါတယ်။

# Global Storybooks

globalstorybooks.net

## ဆုံးဖြတ်ချက်

Ursula Nafula
Vusi Malindi
Naw Thazin Hpway

CC BY